
စိတ်ကူးချိုချိုအနုပညာ



# IT'S THE TRUTH, Christopher

by Patricia C.McKissack

Illustrated by Bartholomew

# မှန်တာပြောတတ်တဲ့ ခရစ်စတိုဖာ

ခေတ်ဘုန်းသစ်

မြန်မာပြန်

mgyoe.com

mgyoe.com




ဒီစာအုပ်လေးဟာ ကလေးတို့အချင်းချင်းကြားမှာ ဖြစ်တတ်တဲ့၊ တိုင်ပြောတတ်တဲ့ အကျင့်၊ ကဲ့ရဲ့လှောင်ပြောင်တတ်တဲ့ အကျင့်လေးတွေကို ပြပြင်ပေးထားတဲ့ စာအုပ်လေးပါ။ ဒီစာအုပ်ထဲက အကျင့်လေးတွေဟာ ကလေးတွေမှာသာမဟုတ်ဘဲ လူကြီးတွေမှာပါ ရှိတတ်ကြပါတယ်။ မှန်တာပြောလွန်းလို့ ရွာပြင်ထုတ်ခံရတယ်ဆိုတဲ့စကားကို ကျွန်မတို့ ကြားဖူးနေကြပါ။ မှန်ပေမယ့်လို့ သူရောကိုယ်ပါ အကျိုးလည်းမရှိ၊ လူမုန်းလည်း များစေတဲ့ အမှန်စကားတွေကို လူမှုဝန်းကျင်မှာမပြောဘဲနဲ့ ရှောင်နိုင်ဖို့အတွက် ဒီစာအုပ်လေးက သင်ကြားပေးထားပါတယ်။

ဒီစာအုပ်လေးကို ပုံပြင်လေးတစ်ပုဒ်လိုမျိုး၊ ရုပ်ပြဇာတ်လမ်းလေးလိုမျိုး ဖတ်သွားရင်းနဲ့ပဲ လူ့လောကဝန်းကျင်၊ လူမှုအသိုင်းဝိုင်းမှာ ရှောင်ကြဉ်ရမယ့်၊ လိုက်နာရမယ့်အရာများကို ကလေးတို့ သိသွားပါလိမ့်မယ်။

ခေတ်ဘုန်းသစ်

ISBN 9789997112347

KBT9

9 789997 112347

800.00 KS

mgyoe.com

မုန်တာပြောတတ်တဲ့ခရစ်စတိုဖာ၊ ခေတ်ဘုန်းသစ်
အပြင်အဆင် - အမ်အက်စ်အို၊ တမျက်နှာ ၃၂ မျက်နှာ၊ ၂၄ စင်တီ× ၁၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ စက်တင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*


mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# မှန်တာပြောတတ်တဲ့ ခရစ်စတိုဖာ

## ခေတ်ဘုန်းသစ်



ပထမအကြိမ်၊ ၂၀၁၅

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အမှာစာ

ဒီစာအုပ်လေးကို ကလေးတွေဖတ်ဖို့ ဘာဖြစ်လို့ ကျွန်မ ဘာသာပြန်ခဲ့ရသလဲဆိုတဲ့အကြောင်းကို အရင်ဆုံးရှင်းပြချင်ပါတယ်။ လူ့လောကအသိုင်းဝိုင်း၊ လူ့လောက ဝန်းကျင်ကို ဝင်ဆန့်စေဖို့အတွက် ငယ်စဉ်ကတည်းက ကလေးတို့ကို လေ့ကျင့်ပေးရမယ့် အရာတွေ ရှိပါတယ်။ အဲဒီအထဲကမှ အရေးကြီးဆုံး စွမ်းရည်ကတော့ ပေါင်းသင်း ဆက်ဆံမှုစွမ်းရည် (Social Skills)ပါ။

ကိုယ့်အိမ်၊ ကိုယ့်မိသားစုဝန်းကျင်က စတင်ထွက်ခွာလာရတဲ့အချိန် မူကြို အရွယ်မှာကတည်းကစလို့ ကလေးတို့ဟာ လူစိမ်းသူစိမ်းများနဲ့ စတင်ဆက်ဆံကြရပါပြီ။ သူငယ်ချင်း အသိုင်းအဝိုင်းကြားမှာ ဘယ်လိုနေရမယ်၊ ဘယ်လို ပြုမူဆက်ဆံရမယ်ဆိုတာကို စတင်သင်ကြားရပါတော့တယ်။ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ခင်ခင်မင်မင် နေတတ်တဲ့၊ ပေါင်းသင်းဆက်ဆံရေးကောင်းတဲ့ ကလေးများဟာ ကျောင်းနေရတာကို ပိုပျော်ကြပါတယ်။


ဒီစာအုပ်လေးဟာ ကလေးတို့အချင်းချင်းကြားမှာ ဖြစ်တတ်တဲ့၊ တိုင်ပြောတတ်တဲ့ အကျင့်၊ ကဲ့ရဲ့လှောင်ပြောင်တတ်တဲ့ အကျင့်လေးတွေကို ပြုပြင်ပေးထားတဲ့ စာအုပ်လေးပါ။ ဒီစာအုပ်ထဲက အကျင့်လေးတွေဟာ ကလေးတွေမှာသာမဟုတ်ဘဲ လူကြီးတွေမှာပါ ရှိတတ်ကြပါတယ်။ မှန်တာပြောလွန်းလို့ ရွာပြင်ထုတ်ခံရတယ်ဆိုတဲ့စကားကို ကျွန်မတို့ ကြားဖူးနေကြပါ။ မှန်ပေမယ့်လို့ သူရောကိုယ်ပါ အကျိုးလည်းမရှိ၊ လူမုန်းလည်း များစေတဲ့ အမှန်စကားတွေကို လူမှုဝန်းကျင်မှာမပြောဘဲနဲ့ ရှောင်နိုင်ဖို့အတွက် ဒီစာအုပ်လေးက သင်ကြားပေးထားပါတယ်။

ဒီစာအုပ်လေးကို ပုံပြင်လေးတစ်ပုဒ်လိုမျိုး၊ ရုပ်ပြဇာတ်လမ်းလေးလိုမျိုး ဖတ်သွားရင်းနဲ့ပဲ လူ့လောကဝန်းကျင်၊ လူမှုအသိုင်းဝိုင်းမှာ ရှောင်ကြဉ်ရမယ့်၊ လိုက်နာရမယ့်အရာများကို ကလေးတို့ သိသွားပါလိမ့်မယ်။

ခေတ်ဘုန်းသစ်

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

ခရစ်စတိုဖာဟာ လိမ်ပြောမိတိုင်း သူ့ဗိုက်ထဲက နာနာလာတတ်တယ်။
မလိမ်တော့ဘဲနဲ့ အမှန်အတိုင်းပြောတော့မှပဲ ဗိုက်နာပျောက်တော့တယ်လေ။
ဒါကြောင့်မို့လို့ ဘာကိုပဲပြောပြောဘယ်တော့မှ လိမ်မပြောဘဲ
အမှန်အတိုင်းပြောဖို့ သူ ဆုံးဖြတ်လိုက်တော့တယ်။






mgyoe.com

‘ဘယ်သူကြိုက်ကြိုက် မကြိုက်ကြိုက် ငါကတော့ ဒီကနေ့ကစပြီး
အမှန်အတိုင်းပဲ ပြောတော့မယ်ဟေ့ ...’
ကျောင်းကိုရောက်တာနဲ့ ခရစ်စတိုဖာလေးဟာ သူ့ရဲ့သူငယ်ချင်းတွေကို
အဲဒီလိုပြောလိုက်တယ်။ ခရစ်စတိုဖာရဲ့ အမှန်အတိုင်းပြောပွဲကြီးဟာ
ပထမဆုံး ဂျနီဖာနဲ့ စဖွင့်လိုက်တော့တာပါပဲ။





mgyoe.com

mgyoe.com



'ဟော့ ... ခရစ်စတိုဖာ ငါ့ရှူးဖိနပ်
ဘယ်လိုနေလဲဟေ့၊
မိုက်တယ်မဟုတ်လား ...'
ခရစ်စတိုဖာဟာ ဂျနီဖာရဲ့ ရှူးဖိနပ်ကို
တစ်ချက်ကြည့်လိုက်တယ်။ ပြီးတော့ ...


'နင့်ရှူးဖိနပ်က မိုက်ပါတယ်၊ ဒါပေမယ့် နင့်ခြေအိတ်ကြီးက
အပေါက်ကြီးနဲ့'လို့ ပြောလိုက်တယ်။ ခရစ်စတိုဖာရဲ့ အသံက အကျယ်ကြီးမို့
အနားမှာရှိနေတဲ့ သူငယ်ချင်းတွေအားလုံး ကြားကုန်တာပေါ့။
သူငယ်ချင်းတွေအားလုံးက ဂျနီဖာရဲ့ခြေအိတ်ကို ငုံ့ကြည့်ပြီးတော့
ဝိုင်းရယ်ကြတယ်။ ဂျနီဖာလည်း တအားရှက်သွားတော့တာပါပဲ။



mgyoe.com

mgyoe.com

ကျောင်းမတက်သေးခင်မှာပဲ ဂျွန်က ခရစ်စတိုဖာကို သူ
အိမ်စာတွေမလုပ်လာခဲ့မိတဲ့ အကြောင်းကို တိုးတိုးလေးပြောပြတယ်။
ခဏနေတော့ ဆရာမ ဝင်လာပါရော။
'အိမ်စာပေးလိုက်တာတွေ လုပ်လာကြလား ...'
ဆရာမက ဒီလိုမေးရုံပဲရှိသေးတယ်။ ခရစ်စတိုဖာက –
'သား အိမ်စာလုပ်လာတယ်ဆရာမ ...၊ ဒါပေမယ့် ဂျွန်ကတော့ အိမ်စာတွေ
လုပ်မလာဘူး'လို့ ပြောလိုက်ပါလေရော။ အဲဒီလိုပြောလိုက်ရလို့
ခရစ်စတိုဖာက ပျော်သွားပေမယ့် ဂျွန်ခမျာမှာတော့ တော်တော်လေး
ရှက်လည်းရှက်၊ စိတ်မကောင်းလည်း ဖြစ်သွားရှာတယ်။





mgyoe.com




mgyoe.com

ခဏနေတော့ ဆရာမက သင်္ချာစာမေးပွဲရဲ့ အဖြေစာရွက်တွေကို အတန်းထဲမှာ ဝေပါလေရော။ ခရစ်စတိုဖာက အတန်းထဲမှာ စာအတော်ဆုံး ဂျိမ်းဆိုတဲ့ ကောင်လေးကို သင်္ချာအမှတ် ဘယ်လောက်ရလဲလို့ မေးလိုက်တယ်။ ဂျိမ်းက သူ့ရဲ့အဖြေစာရွက်ကို ခရစ်စတိုဖာမြင်မှာစိုးလို့ ဖွက်လိုက်ပေမယ့် မင်နီရာတွေ ရဲဗတောင်းထနေတဲ့ ဂျိမ်းရဲ့အဖြေစာရွက်ကို ခရစ်စတိုဖာက မြင်သွားပြီလေ။ ‘ဟော့ ... ခရစ်စတိုဖာ နင် သင်္ချာအမှတ် ဘယ်လောက်ရလဲ ...’ ဂျနီဖာက ခရစ်စတိုဖာကို မေးလိုက်တယ်။ ‘ငါက A ရတယ်လေ ...’ ဒါပေမယ့် ဂျိမ်းကတော့ သင်္ချာတွေဖြေထားတာ အမှားတွေချည်းပဲ။ သူ့အဖြေစာရွက်မှာ မင်နီတွေချည်းပဲ။



mgyoe.com


mgyoe.com
ခရစ်စတိုဖာဟာ ကျောင်းတက်တဲ့တစ်ပတ်လုံးလုံး အဲဒီလိုမျိုး အမှန်တွေချည်းပဲ ပြောနေတော့တာပဲ။ မာဂရက်ရဲ့လက်ရေးတွေက ကြောင်ကုတ်ရာလိုမျိုး ရှုပ်ပွစ်ပတ်နေတာကိုလည်း မာဂရက်ကို သူပြောတာပဲ။





mgyoe.com

mgyoe.com





အဲဒီလိုပဲ လော်ရီရဲ့စက်ဘီးက အပေါ်စားစက်ဘီးကြီးလို့လည်း
လော်ရီ့ကို သူပြောခဲ့တာပဲ။




စင်ဒီရဲ့ကြောင်ကိုကြည့်ရတာ မိုးကြိုးပစ်ခံထားရတဲ့ပုံနဲ့တူတယ်လို့လည်း
စင်ဒီကိုသူပြောခဲ့တယ်။

mgyoe.com




သောကြာနေ့ကိုရောက်လာတဲ့အခါမှာတော့ ခရစ်စတိုဖာရဲ့အတန်းထဲက
သူငယ်ချင်းတွေအကုန်လုံး ခရစ်စတိုဖာကို
တစ်ယောက်မှစကားမပြောကြတော့ဘူး။ ခရစ်စတိုဖာလည်း
ဘာဖြစ်မှန်းမသိတော့ သိပ်အံ့ဩသွားတာပေါ့။



mgyoe.com

mgyne.com

စနေနေ့မှာ ခရစ်စတိုဖာဟာ ပန်းခြံကိုထွက်လာခဲ့တယ်။ ဂျနီဖာကလွဲရင်
ဘယ်သူငယ်ချင်းကမှ သူနဲ့ မကစားချင်ကြဘူး။ ဘယ်သူမှလည်း သူနဲ့
ပန်းခြံကို လိုက်မလာဘူးလေ။ ခရစ်စတိုဖာလေးဟာ ဘာကြောင့်
သူ့သူငယ်ချင်းတွေ သူ့ကို စကားမပြောတာလဲဆိုတာကို နားမလည်ရှာဘူး။
ဒါနဲ့ ဂျနီဖာကို ခရစ်စတိုဖာကမေးလိုက်တယ်။





mgyne.com